# အူသိမ်အူမ စစ်ဆေးခြင်း

အသက် 60 မှ 74 နှစ် အရွယ်များအတွက်

စစ်ဆေးရန်အချိန်
နိုင်ငံတော် အူသိမ်အူမ စမ်းသပ်ရေးအစီအစဉ်

Time to screen

National Bowel Screening Programme

## နယူးဇီလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အူသိမ်အူမကင်ဆာ ဖြစ်ပွားနှုန်းအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ပုံမှန် အူသိမ်အူမ စစ်ဆေးခြင်းက အများအားဖြင့်ကုသနိုင်သော ကင်ဆာအစောပိုင်းအဆင့်တွင် ရှာဖွေသိနိုင်ရန် ကူညီပေးခြင်းဖြင့် အသက်များကို ကယ်တင်နိုင်သည်။

**အခမဲ့** နိုင်ငံတော် အူသိမ်အူမ စမ်းသပ်ရေးအစီအစဉ်အား နယူးဇီလန်နိုင်ငံတစ်ဝှမ်းတွင် လှည့်ပတ်ဆောင်ရွက်နေပါသည်။

အစီအစဉ်အား အများပြည်သူ ငွေကြေးထောက်ပံ့ထားသော ကျန်းမာရေးစောင့်ရှောက်မှုအတွက် သတ်မှတ်ချက်ပြည့်မီသည့် အသက် 60 မှ 74 နှစ် အရွယ်များအတွက် လုပ်ဆောင်ပေးနေပါသည်။

စစ်ဆေးမှုခံယူရန် သင့်အလှည့်ရောက်လာပါက၊ ဖိတ်ကြားစာလွှာ၊ သဘောတူညီချက်ပုံစံနှင့် အခမဲ့ အူသိမ်အူမစစ်ဆေးခြင်း ကိရိယာအစုံတို့ကို သင်လက်ခံရရှိပါမည်။

သင်၏ ပထမဆုံး ဖိတ်ကြားချက်အား သင့်နေရပ်တွင် အစီအစဉ်စတင်သည့် နှစ်နှစ်အတွင်း သင်လက်ခံရရှိပါမည်။

စစ်ဆေးမှုကို အိမ်တွင်လုပ်ဆောင်ပြီး သန့်ရှင်းကာ လုပ်ဆောင်ရန် ရိုးစင်းလွယ်ကူသည်။

အမျိုးသား အူသိမ်သူမစစ်ဆေးခြင်း အစီအစဉ်အတွက် နောက်ထပ်သတင်းအချက်အလက်များအား **www.timetoscreen.nz** သို့ ဝင်ရောက်၍ သို့မဟုတ် **0800 924 432** သို့ ဖုန်းခေါ်ဆို၍ ရယူနိုင်သည်။

သင်စိတ်ပူပန်ရသည့် အူသိမ်အူမ ရောဂါလက္ခဏာတစ်ခုခုရှိပါက သင့်ဆရာဝန်ထံ သွားရောက်ပြသသင့်သည်။

---

Time to screen

National Bowel Screening Programme

MINISTRY OF HEALTH
MANATŪ HAUORA
New Zealand Government

Burmese
NBSPFL01V4 March 2018